# အလုပ်သင် သင်တန်းသားများသို့

## ပြဿနာကြုံတွေ့နေပါက၊ တိုင်ပင်ကြပါစို့

အလုပ်သင် သင်တန်းသားများက ဂျပန်ပြည်တွင်၊ ကျမ်းမာစွာဖြင့် လုပ်ငန်းသင် သင်တန်းသားဘဝကို နေထိုင်ဆောင်ရွက်နိုင်စေရန် မိခင်ဘာသာဖြင့် အလုပ်သင် သင်တန်းသားများကို အထောက်အကူ ပေးလျှက်ရှိပါသည်။
http://www.support.otit.go.jp/soudan/mm/ →

● ဆက်ပြီး အလုပ်သင် လုပ်ချင်လျှက်နဲ့.....

အလုပ်သင် သင်တန်းမပြီးဆုံးသေးသော်လည်း၊
နောက်ဆုံးကာလပြီးသည်အထိ အလုပ်သင် ပညာသင်ကြားလိုသော်လည်း <ကိုယ်တိုင်းပြည်ကို ပြန်ခိုင်းခံနေရသော အခြေအနေ> ဖြစ်နေပါက၊ ချက်ခြင်း **မိခင်ဘာသာဖြင့် ဆွေးနွေးနိုင်သော ဤဌာနကို** ဆက်သွယ်ပါ။( အကယ်၍ လေဆိပ်ကို ရောက်ရှိနေပါက၊ လူဝင်မှု ကြီးကြပ်ရေးဝန်ထမ်းကို တိုင်ပင်နိုင်ပါသည်။)

※ လက်ခံသင်ကြားပေးနေသော လုပ်ငန်းအတွင်း၊ ဆက်လက် သင်တန်းတက်ရန် ခက်ခဲနေပါက၊ ကြီးကြပ်ရေး အဖွဲ့ သို့မဟုတ် လက်ခံသင်ကြားပေးနေသော လုပ်ငန်းသည် အလုပ်သင် သင်တန်းသားများအတွက် လုပ်ငန်းခွင် သင်တန်းအသစ်ကို ရှာဖွေပေးရန် တာဝန်ရှိပါသည်။ လုပ်ငန်းခွင် အလုပ်သင် ဥပဒေအရ အလုပ်သင် သင်တန်းသားများက ဆက်လက် ပညာသင်လေ့လာလိုပါလျှက် အတင်းအဓ္ဓမ <မိမိတိုင်းပြည်သို့ ပြန်လည် ပို့ဆောင်ခြင်းသည် ဥပဒေကို ချိုးဖေါက်ရာ ရောက်ပါသည်။ ကြီးကြပ်ရေး အဖွဲ့ သို့မဟုတ် လက်ခံသင်ကြားပေးနေသော လုပ်ငန်းက လုပ်ငန်းသစ်အား ရှာဖွေနိုင်စွမ်း မရှိတော့သောအခါ၊ ဤမိမိဘာသာစကားဖြင့် တိုင်ပင်ဆွေးနွေးနိုင်သော အဖွဲ့အစည်းက လုပ်ငန်းခွင် ပညာသင်ကြားရေး လုပ်ငန်းသစ်အား ကူညီရှာဖွေပေးလျှက်ရှိပါသည်။

● **အလုပ်အကြောင်းအရာ၊ ငွေရေးကြေးရေး ပေးဆောင်မှုက လွဲမှားနေသောအခါ...**

ဂျပန်သို့ မလာမီ သိရှိထားသော အလုပ်အကြောင်းအရာနှင့် မဆိုင်သော လုပ်ငန်းကို ခိုင်းစေသည့်အခါ၊ လစာကို ဂတိအတိုင်း မပေးသည့်အခါ၊ အကြမ်းဖက် နှိပ်စက်ညှင်းပန်းမှု ခံရသည့်အခါ၊ လုပ်ငန်းခွင် အလုပ်သင် ဥပဒေကို ချိုးဖေါက်နေသည်ဟု သံသယ ဖြစ်နိုင်ပါသောကြောင့် **မိခင်ဘာသာဖြင့် ဆွေးနွေးနိုင်သော ဤဌာန** ကို ဆက်သွယ်နိုင်ပါသည်။

● **ပိုမို မြင့်မားသော လစာက ရရှိနိုင်သည်....**

「လစာမြင့်」「ကြိုတင်လစာငွေ」「လစာအခွင့်အရေးကောင်း」 များရနိုင်သည်ဟု SNSရှိ အလုပ်ခေါ်စာ၊ အသိမိတ်ဆွေတို့မှ SNSမှတစ်ဆင့် (တစ်ခြားတစ်နေရာတွင် ပိုမိုကောင်းမွန်သော အလုပ်ရှိသည်) ဟု သွေးဆောင် ဖြားရောင်းသောအခါ၊ လုံးဝနားမယောင်ရန် လိုအပ်ပါသည်။

အချိုသပ် သွေးဆောင်ပြီး ဥပဒေကို ချိုးဖေါက်စေခြင်း၊ လစာငွေများ လိမ်လည်ခံရခြင်းများ ဖြစ်ပွားနေပါသည်။ ဤကဲ့သို့ အချိန်များတွင်း ပထမဦးဆုံး မိခင်ဘာသာဖြင့် ဆွေးနွေးနိုင်သော ဤဌာနကို ဆက်သွယ် ပေးစေလိုပါသည်။

တစ်ဦးတည်း တွေဝေခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်ရဲ့ ချိုသာဖျားရောင်းမှုကို ယုံကြည်ပြီး လုပ်ကန်းခွင်မှ ထွက်ပြေးပါက၊ သင်ကိုယ်တိုင် ဥပဒေချိုးဖေါက်မှုကို ပြုလုပ်မိရုံသာမက၊ တစ်ခြားသော ရာဇဝတ်မှုများတွင် ပါဝင် သက်ရောက်နိုင်ပါသည်။

ထို့ကြောင့် ပြဿနာတက်ပါက ပထမဦးဆုံး 「 မိခင်ဘာသာဖြင့် ဆွေးနွေးနိုင်သော 」 ဤဌာနကို ဆက်သွယ်ပေးကြစေလိုပါသည်။

.